# တာဝန်မှနုတ်ထွက်ခြင်းနှင့် အစားထိုး ရွေးချယ်တင်မြှောက်ခြင်း ဥပဒေ

# တာဝန်မှနုတ်ထွက်ခြင်းနှင့် အစားထိုးရွေးချယ်တင်မြှောက်ခြင်း ဥပဒေ

[၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၄။]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တာဝန်မှနုတ်ထွက်ခြင်းနှင့် အစားထိုး ရွေးချယ်တင်မြှောက်ခြင်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) လွှတ်တော် ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကိုဆိုသည်၊

(ခ) ပြည်သူ့ကိုယ်စားလှယ် ဆိုသည်မှာ လွှတ်တော် ကိုယ်စားလှယ်နှင့် ပြည်သူ့ကောင်စီဝင်တို့ကိုဆိုသည်။

# အခန်း (၂)

## တာဝန်မှနုတ်ထွက်ခြင်း

၃။ (က) လွှတ်တော် ကိုယ်စားလှယ်တဦးသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်လိုလျှင် နိုင်ငံတော်ကောင်စီ သို့ နုတ်ထွက်လွှာကို တင်သွင်းရမည်။ လွှတ်တော်ကရွေးချယ်တင်မြှောက်ထားသော အဖွဲ့အစည်းတရပ်ရပ်၏ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုလျှင် ယင်းအဖွဲ့အစည်းမှတဆင့် နိုင်ငံတော်ကောင်စီသို့ နုတ်ထွက်လွှာကို တင်သွင်းရမည်၊

(ခ) ပြည်သူ့ကောင်စီဝင်တဦးသည် ပြည်သူ့ကောင်စီဝင် အဖြစ်မှ နုတ်ထွက်လိုလျှင် သက်ဆိုင်ရာ အလုပ်အမှုဆောင် အဖွဲ့သို့ နုတ်ထွက်လွှာကို တင်သွင်းရမည်။ ပြည်သူ့ကောင်စီကရွေးချယ်တင်မြှောက်ထားသော အဖွဲ့အစည်းတရပ်ရပ်၏အဖွဲ့ဝင် အဖြစ်မှ နုတ်ထွက်လိုလျှင် ယင်းအဖွဲ့အစည်းမှတဆင့် သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့သို့ နုတ်ထွက်လွှာကို တင်သွင်းရမည်။

၄။ နိုင်ငံတော်ကောင်စီ၊ သို့မဟုတ် သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့သည် နုတ်ထွက်လွှာတင်သွင်းသော ပြည်သူ့ကိုယ်စားလှယ်အား နုတ်ထွက်လွှာပြန်လည်ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်ရန် တဆယ့်ငါးရက်အထိ ခွင့်ပြုနိုင်သည်။ နုတ်ထွက်လွှာကို ပြန်လည်ရုပ်သိမ်းခြင်းမပြုလျှင် နုတ်ထွက်ခွင့်ပြုရမည်။

၅။ နိုင်ငံတော်ကောင်စီ၊ သို့မဟုတ် သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့သည် နုတ်ထွက်ခွင့် ပြုခဲ့ခြင်းများကို အနီးကပ်ဆုံး လွှတ်တော်၊ သို့မဟုတ် ပြည်သူ့ကောင်စီ အစည်းအဝေးသို့တင်ပြရမည်။

၆။ ပြည်သူ့ကိုယ်စားလှယ် တဦးသည် လွှတ်တော်၊ သို့မဟုတ် ပြည်သူ့ကောင်စီက ရွေးချယ် တင်မြှောက်ထားသော အဖွဲ့အစည်း၏ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ရရှိစေကာမူ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ဆက်လက်တည်ရှိစေရမည်။

၇။ ပြည်သူ့ကိုယ်စားလှယ်တဦးသည် ပြည်သူ့ကိုယ်စားလှယ် အဖြစ်မှ နုတ်ထွက်ခွင့်ရရှိလျှင် သက်ဆိုင်ရာ အဖွဲ့အစည်း၏ အဖွဲ့ဝင်အဖြစ်မှလည်း အလိုအလျောက် နုတ်ထွက်ပြီးဖြစ်သည်။

# အခန်း (၃)

## အစားထိုးရွေးချယ်တင်မြှောက်ခြင်း

၈။ (က) လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီက နိုင်ငံတော်ကောင်စီသို့ အမြန်ဆုံးတင်ပြရမည်။ လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်ကြောင်းကို လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက တင်ပြလာလျှင် သော်လည်းကောင်း၊ နိုင်ငံတော်ကောင်စီက သိရှိရလျှင် သော်လည်းကောင်း နိုင်ငံတော်ကောင်စီသည် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်သို့ အကြောင်းကြားရမည်၊

(ခ) ပြည်သူ့ကောင်စီဝင်နေရာ လစ်လပ်လျှင် သက်ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့က နိုင်ငံတော်ကောင်စီသို့ အမြန်ဆုံးတင်ပြရမည်။ နိုင်ငံတော်ကောင်စီသည် ပြည်သူ့ကောင်စီဝင်နေရာလစ်လပ်ကြောင်းကို ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်သို့ အကြောင်းကြားရမည်။

၉။ အကြောင်း တရပ်ရပ်ကြောင့် ပြည်သူ့ ကိုယ်စားလှယ် နေရာလစ်လပ်လျှင် လစ်လပ်သောနေရာအတွက် ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲကို နိုင်ငံတော်ကောင်စီ၏ ညွှန်ကြားချက်အရ ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင် က ကျင်းပပေးရမည်။ သို့ရာတွင် ခိုင်လုံသော အကြောင်း တရပ်ရပ်ပေါ်ပေါက်လျှင် နိုင်ငံတော်ကောင်စီ သည် ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲကို ဆိုင်းငံ့ထားရန် ခွင့်ပြုနိုင်သည်။

၁၀။ လွှတ်တော်၊ သို့မဟုတ် ပြည်သူ့ကောင်စီက ရွေးချယ်တင်မြှောက်ထားသော အဖွဲ့အစည်း၏ အဖွဲ့ဝင်နေရာ လစ်လပ်လျှင် အနီးကပ်ဆုံး လွှတ်တော်၊ သို့မဟုတ် ပြည်သူ့ကောင်စီ အစည်းအဝေးတွင် အစားထိုး ရွေးချယ်တင်မြှောက်ရမည်။ သို့ရာတွင် ခိုင်လုံသော အကြောင်းတရပ်ရပ်ပေါ်ပေါက်လျှင် နိုင်ငံတော်ကောင်စီ သည် သဘာပတိ အဖွဲ့ဝင်မှ အပ အခြား အဖွဲ့အစည်းဝင် နေရာအတွက် အစားထိုး ရွေးချယ်တင်မြှောက်ခြင်းကို ဆိုင်းငံ့ထားရန် ခွင့်ပြုနိုင်သည်။

# အခန်း (၄)

## အထွေထွေ

၁၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထမြောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ နိုင်ငံတော်ကောင်စီသည် လိုအပ်သော လုပ်ထုံး လုပ်နည်းနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၁၂။ တာဝန်မှ နုတ်ထွက်ခြင်းနှင့် အစားထိုးရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာဥပဒေ [၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၆။] ကို ဤဥပဒေဖြင့်အစားထိုးလိုက်သည်။

(ပုံ) နေဝင်း

ဥက္ကဋ္ဌ

နိုင်ငံတော်ကောင်စီ၊

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၄၀ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်။

(၁၉၇၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်။)